တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ (၁၉-၆-၂၀၂၆)
မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးဌေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန်မဲဆန္ဒနယ်က** နမ့်စန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၃)စုတွင် ဖုန်းဆက်သွယ် ရေးကောင်းမွန်စေရန် ဆက်သွယ်ရေးတာဝါတိုင်(၄)တိုင် တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် ဟိုင်းနားကြီးကျေးရွာအုပ်စုအတွင်း မိုဘိုင်းဆက်သွယ်ရေး(၃)ခု တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် နားရိုင်း၊ နမ့်ခမ်းကျေးရွာတို့သည် လျှပ်စစ်ဓာတ်အားမရရှိနိုင်မှု အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ရန်ခက်ခဲမှုတို့ကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်းသစ် တည်ဆောက်ပေးရန် အစီစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးမျိုး(ခ)ဦးမျိုးအောင်၊ ပြည်မဲဆန္ဒနယ်က** မြို့နယ်အလိုက် အသုံးပြုနေသော အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျ သွယ်တန်းဆောင်ရွက်ခြင်းနှင့် ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက** ဖိုင်ဘာ ကေဘယ်များ ရှင်းလင်းခြင်း၊ Port sharing နှင့် မြေပေါ်ရှိ ကေဘယ်များကို မြေအောက်သို့ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများကို နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးတို့တွင် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျန်မြို့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၃။ | **ဦးခင်မောင်ထွန်း၊ ဖောင်းပြင်မဲဆန္ဒနယ်က** ဖောင်းပြင်မြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းအသုံးပြုသူများမှာ MPT၊ ATOM၊ U9၊ MYTEL တို့၏ မိုဘိုင်း ကွန်ယက်များ ယနေ့အထိ အသုံးပြု၍မရပါသဖြင့် အော်ပရေတာ(၄)ခု အနက်မှ အော်ပရေတာတစ်ခုကို ဆက်သွယ်အသုံးပြုခွင့် ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက** ပြတ်တောက်နေသော ဖောင်းပြင်မြို့သို့ ချိတ်ဆက်ထားသည့် ဖိုင်ဘာဆက်ကြောင်းနှင့် ကလေး-ခမ်းပတ်-ဖောင်းပြင် အရန်မိုက္ကရိုဝေ့ဆက်ကြောင်းများကို နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုပေါ်မူတည်၍ မြေပြင်သွားရောက်စစ်ဆေးပြုပြင်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား အမြန်ဆုံးပြန်လည်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၄။ | **ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏** တရားမဝင် လောင်းကစား Website နှင့် Application များမှတစ်ဆင့် လောင်းကစား ပြုလုပ်သူများသည် Digital E-Moneyများဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါ E-money အကောင့်များအား ဖော်ထုတ်ဖျက်သိမ်းပေးရန်နှင့် ၎င်းတို့အသုံးပြုသော Mobile Phone နံပါတ်များအား ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက** အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေး ကြီးကြပ်မှု ဗဟိုကော်မတီဖွဲ့စည်းထားရှိပြီး အွန်လိုင်းလောင်းကစား Website များကို ဝင်ရောက်ကြည့်ရှု၍မရစေရန် IP Block ဆောင်ရွက်ခြင်း၊ တရားမဝင်ငွေစာရင်းများ ဖွင့်လှစ်အသုံးပြုသည့် SIM Card များ အပြီးတိုင် ပိတ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅။ | **ဦးအောင်လင်းလှိုင်၊ ဘုတ်ပြင်းမဲဆန္ဒနယ်က** ကုမ္ပဏီများက WiFi လိုင်းများ၊ Internet Package များ ရောင်းချရာတွင် မူလစာချုပ်ပါ စည်းမျဉ်းများတွင် မည်ကဲ့သို့ချုပ်ဆိုထားသည်ကို တိကျစွာအသေးစိတ် ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက** ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီများကို စိစစ်၍ လုပ်ငန်း လိုင်စင်များချထားပေးလျက်ရှိပြီး အင်တာနက်လိုင်း အသုံးပြုသူများမှ ဝန်ဆောင် မှု အမျိုးအစားအလိုက် ရယူအသုံးပြုစဉ်တွင် လိုင်းပြတ်တောက်မှုများ ဖြစ်ပေါ် လာပါက သတ်မှတ်လျော်ကြေးငွေ ပြန်လည်ရရှိရေးနှင့် လိုင်းပြတ်တောက် သည့် ကာလအတိုင်း အစားထိုးဝန်ဆောင်မှုရယူရန် ကုမ္ပဏီများသို့ ညှိနှိုင်း တောင်းဆိုနိုင်ပါကြောင်းနှင့် လိုက်နာဖြည့်ဆည်းပေးမှုမရှိပါက အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်** မကျီးပင်-ဖြန့်ကြီး-ကင်မွန်းခြံ-ချောင်းနား မြေသားလမ်း ၃/၄ မိုင်အား အမာခံလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** အကျယ် ၁၄ ပေရှိ လမ်း ပိုင်းအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အကျယ် (၈) ပေရှိ လမ်းပိုင်းအား လမ်းတာပေါင်ချဲ့ခြင်းနှင့် အမာခံဂဝံလမ်းအဖြစ် အဆင့်မြှင့် တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၇။ | **ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်က** ကျိုက်ထော်(တောင်)ကျေးရွာ၊ တာတဇင်ကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းသည် (၄၂၆၀)ပေ ရှည်လျားပြီး (၂၂) ပေအကျယ် မြေသားတာဘောင်ချဲ့၍ ၎င်းလမ်းပေါ်တွင် (၁၂)ပေအကျယ်၊ (၇)ပေအမြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ ကုန်ထုတ်လုပ်မှု၊ အကျိုးပြုမှုများအပေါ် အခြေခံပြီး အနီးစပ်ဆုံး ဘဏ္ဍာနှစ်မှစ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဒေါ်ဥမ္မာမိုမိုဇော်၊ သဲကုန်းမဲဆန္ဒနယ်က** သဲကုန်းမြို့နယ် အုတ်ဆွဲ-ရင်းတိုက်တန်း-နှောကုန်း (၂) မိုင် (၆) ဖာလုံ ကုန်ထုတ်မြေနီလမ်းအား ကျောက်ချောမြေနီလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ၂ မိုင် ၁ ဖာလုံ ကုန်ထုတ်မြေနီလမ်းပိုင်းသည် လမ်းကြောင်းပြတ်တောက်မှုမရှိဘဲ ကောင်းမွန်စွာ အသုံးပြုနိုင်သည့်အတွက် ကျန်လမ်းပိုင်းအား မြေသားတာပေါင်ချဲ့တင်ခြင်းနှင့် မြေနီခင်းခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၉။ | **ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်က** မင်းလှမြို့နယ် သရက်တပင် တာဆုံ-စိန်ကန့်လန့်လမ်းမှ ပတ်တန်းကျေးရွာသို့ ဆက်သွယ်သည့် အရှည် ၈၇၅၂ ပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ၃ ပေခွဲခန့်ရှိသော ဂဝံလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ကျေးလက်နေ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်းအပေါ် အခြေခံပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြပြီး လမ်းလွှာအဆင့်ဆင့်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |